# အတွင်းကြေ

မနေသာ အဖြေရှာညို
အသေအချာ မဖြေသာစစ်တော့
တကယ်ပါရှောင်ခွါပစ်ရင်
မီးတောင်သာပေါက်ကာကွဲပေါ့
ဝေဿနာ...
စစ်တုရင်ပွဲမှာတကွက်အမှား
အချောင် စားချင်သူတွေကြား
အဝေးက ပွားနေသူတွေကြား
အနီးကပ် စားနေသူတွေကြား
နိယာမတရား မရှိသူတွေကြား
ဖိတ်စာတွေစုတ်ပြဲ လုပ်ရဲပေစွ။

အချုပ်ထဲမှာ သရုပ်ခွဲကာနေရ
ပချုပ်ထဲမှာ ပွဲနေတဲ့ဆည်းလည်းဖြစ်ခဲ့ရ
လေဟာနယ်မှာ တကယ်ပါ ...
ရယ်ပါ
ပြုံးပါ
ငါ့ နလုံးသားဟာ
ကျီးအတွေအတွက် အစာပါ့(ပ)။

ရိုး(ခေတ္တာရာ)
၁၁-၄-၉၈